# ဖွတ်မြီးနဲ့ဖွတ်ကို ချည်ကြဖို့

ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်

အမှတ် (၁/၂၀၀၈)

(၂၈ – ၂ – ၂၀၀၈)

(၁) “ဆန္ဒခံယူပွဲ”ကို သန်းရွှေစစ်အုပ်စုက မတတ်သာလို့ လုပ်ရတာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို လက်မလွှတ်ပါစေနဲ့။ စစ်အာဏာရှင်စနစ်သက်တမ်း (၄၆) နှစ်မှာ ဒီအခွင့်အရေးမျိုး (၂) ခါပဲ ရခဲ့တာ ဖြစ်ပါတယ်။ ပထမတခါတုန်းက နေဝင်းစစ်အုပ်စုကို ကျွန်တော်တို့ အလဲထိုးနိုင်တဲ့အခြေအနေ မရှိခဲ့ပါဘူး။ အခု သန်းရွှေစစ်အုပ်စုကို အလဲထိုးနိုင်တဲ့အခြေအနေရှိနေပါပြီ။

(၂) နအဖ လုပ်နေပုံတွေ မတရားပါဘူး။ အတိုက်အခံတွေကို ဖမ်းထားပါတယ်။ ‘၅/၉၆ တင်းဘုတ်’နဲ့ ထုဖို့ပြင်နေပါတယ်။ ပြည်တွင်းပြည်ပက ဆန္ဒခံယူပွဲကို စောင့်ကြည့်လေ့လာခွင့်မရှိပါဘူး။ ‘ဆန္ဒခံယူပွဲ’ လုပ်မယ့်ရက် မကြေ ညာဘဲ ထားပြီး သူတို့တကောင်တည်း ပြေးနေပါတယ်။ လူထုကို ချည်ပြီးတုပ်ပြီး ပါးစပ်ပိတ်နားပိတ်ပြီး အနိုင်ယူဖို့ လုပ်နေပါတယ်။ ဒါပေမဲ့ ‘ဖွတ်ကိုဖွတ်မြည်းနဲ့ချည်တဲ့နည်း’ ကျွန်တော်တို့ လူထုကြီးကလုပ်ရပါမယ်။ သူ့ဥပဒေမှာက ‘ဆန္ဒခံယူပွဲ’ ပျက်ပြားအောင်လုပ်ရင် ထောင် (၃) နှစ်ချမယ်ပဲ ပြောဝံ့တယ်။ ‘ကန့်ကွက်မဲ’ ပေးရင်အရေးယူမယ်လို့ မပြောဝံ့ဘူး။

ဒါကြောင့် – မဲရုံကိုသွား ကန့်ကွက်မဲပေးကြ။

– DASSK လွှတ်စေချင်သလား၊ မင်းကိုနိုင်လွှတ်စေချင်သလား၊ မဲရုံကိုသွားကန့်ကွက်မဲပေးကြ။

– ၁၉၉၀ လွှတ်တော်ခေါ်စေချင်သလား။

NLD အမတ်တွေ လွှတ်စေချင်သလား။

ပြည်ပရောက်တွေ ရင်ကော့ ပြန်လာစေချင်သလား။

မဲရုံကိုသွားကြ။ ကန့်ကွက်မဲပေးကြ။